# စက်မှုဝန်ကြီးဌာန

## စက်မှုသတင်းလွှာ

အတွဲ(၂)၊ အမှတ်(၂)၊ ၂၀၂၃ ခုနှစ် (ဧပြီ၊ မေ၊ ဇွန်)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်မှုဝန်ကြီးဌာန အမှတ် (၂) သံမဏိစက်ရုံ (မြင်းခြံ) သို့ သွားရောက်ကြည့်ရှုစစ်ဆေး

***“ မိမိတို့နိုင်ငံ၏ သံနှင့်သံမဏိလိုအပ်ချက်ကို အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) နှင့် အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) တို့မှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် အောင်မြင်အောင်ဆောင်ရွက်”***





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှတ် (၁) သံမဏိစက်ရုံ(မြင်းခြံ)၊ Melt Shop-1 ပြန်လည်စတင်ခြင်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် Melt Shop-1 သံရည်ကျိုခြင်းနှင့် လေးထောင့်သံမဏိတုံး ထုတ်လုပ်ခြင်းလုပ်ငန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့်တာဝန်ရှိသူများလိုက်ပါ၍ မေလ ၃၁ ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ စက်မှုဝန်ကြီးဌာန အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

***စာမျက်နှာ ၂ သို့-***

## အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းပြပွဲကျင်းပ

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကကြီးမှူးကျင်းပသည့် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းပြပွဲကို မေလ ၇ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ LOTTE Hotel ၌ ကျင်းပသည်။

***စာမျက်နှာ ၇ သို့-***



အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းပြပွဲကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။

**စက်မှုကျွမ်းကျင်လုပ်သား ၁၂,၀၉၅ ဦးကို လေ့ကျင့်သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပြီး ၁၁,၅၃၀ ဦးကို အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဖန်တီးပေးနိုင်ခဲ့** ***စာမျက်နှာ ၈ သို့-***


*စက်မှုဝန်ကြီးဌာနမှ (၃) လ တစ်ကြိမ် ထုတ်ဝေသည်။*

စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ ဧဗ္ဗဒ္ဌာနီလမ်း၊ နေပြည်တော်။
ဖုန်း- ၀၆၇-၃၄၀၅၀၄၂

***မျက်နှာဖုံးမှ -***

ဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) စီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြရာတွင် စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းရည်ရွယ်ချက်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးလိုအပ်ချက်အနေဖြင့် နှစ်စဉ်တန်ချိန် နှစ်သန်းခန့်ရှိပြီး ပြည်ပငွေများစွာ သုံးစွဲနေရကြောင်း၊ ထို့ကြောင့် ယခင်အစိုးရလက်ထက်က ရပ်တန့်ခဲ့သည့်စက်ရုံအား ပြန်လည်လည်ပတ်နိုင်ရေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သံမဏိထုတ်လုပ်ရေးအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ရှိကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေး ရေအားနိုင်ရေးအတွက်လည်း ရေရှည်ကိုမြော်တွေး၍ တွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားပြီး စီမံကိန်းတစ်ခုလုံးအပြည့်အဝလည်ပတ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ရှင်းလင်းတင်ပြစဉ်။

ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်မှုများကို ငွေကုန်ကြေးကျအနည်းဆုံးဖြင့် စက်ပစ္စည်းများ ဆုံးရှုံးမှုမရှိစေရန်ဦးစားပေးဆောင်ရွက်လျက်ရှိမှုများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) ၏လုပ်ငန်းဆောင်ရွက်နေမှုများ၊ သံရည်ကျိုအလုပ်ရုံ Melt Shop-1 ဆိုင်ရာအချက်အလက်များ၊ ၂၀၁၇ ခုနှစ်နောက်ပိုင်း စက်ရုံစီမံကိန်းရပ်တန့်ခဲ့ရမှုကြောင့် စက်ရုံပြန်လည်လည်ပတ်နိုင်ရေးဆောင်ရွက်ရာတွင် ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်ခဲ့မှုများ၊ ၂၀၂၃ ခုနှစ် မတ်လ ၂၄ ရက်နေ့မှစ၍ သံရည်ကျိုလုပ်ငန်းဆောင်ရွက်ခဲ့မှုများ၊ စီမံကိန်းအကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများနှင့် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့နိုင်ငံတွင် သံနှင့်သံမဏိလျှပ်စစ်ထုတ်လုပ်နိုင်မည့်နေရာများကို မြေပြင်ကွင်းဆင်း သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကိုလည်း စဉ်းစားဆောင်ရွက်ထားရန်လိုကြောင်း၊ စက်ရုံအနေဖြင့် လက်ရှိအချိန်တွင် သံရည်ကျိုအလုပ်ရုံ၊ Melt Shop -1 ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး စီမံကိန်းတစ်ခုလုံးအပြည့်အဝ လည်ပတ်နိုင်ရေးအဆင့်အလိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏သံနှင့်သံမဏိလိုအပ်ချက်ကို ယခုစက်ရုံနှင့်ပင်းပက်စက်ရုံတို့မှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ သံမဏိထုတ်လုပ်ရေးလုပ်ငန်းအတွက် လိုအပ်သည့်လူသားအရင်းအမြစ်ကောင်းများ ရရှိရေးအတွက်လည်း ဆောင်ရွက်သွားရန်နှင့် မွေးထုတ်သွားရန်လိုကြောင်း၊ ဝန်ထမ်းများ၏နေထိုင်စားသောက်မှု အဆင်ပြေစေရေးအတွက်လည်း စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ နောင်အနာဂတ်တွင် စက်ရုံသို့ ပို့ဆောင်မည့်ကုန်ကြမ်းများ၊ စက်ရုံမှထွက်ရှိလာသည့် သံနှင့်သံမဏိပစ္စည်းများကို လျှပ်စစ်ရထားအသုံးပြု၍ သယ်ယူပို့ဆောင်ဖြန့်ဖြူး

ထို့နောက် သံမဏိစက်ရုံအတွင်း သံရည်ကျိုအလုပ်ရုံ Melt Shop-1 သို့ရောက်ရှိပြီး အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ)၊ Melt Shop-1 ပြန်လည်စတင်ခြင်းဖွင့်ပွဲအထိမ်းအမှတ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က Melt Shop-1 သံရည်ကျိုခြင်းနှင့် လေးထောင့်သံမဏိတုံး Billet ထုတ်လုပ်ခြင်းလုပ်ငန်းအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လျှပ်စစ်သံရည်ကျိုဌာနရှိ သံရည်ကျိုလုပ်ငန်းအား စက်ခလုတ်နှိပ်၍ စတင်လည်ပတ်စေသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Melt Shop-1 အတွင်း လျှပ်စစ်သံရည်ကျိုဌာန၌ သံရည်ကျိုလုပ်ငန်းများဆောင်ရွက်နေမှု၊ စဉ်ဆက်မပြတ်သံရည်ကျိုပုံလောင်းဌာနမှ ၉ မီတာအရှည်ရှိ သံမဏိလေးထောင့်တုံး (Steel Billet) များ ထုတ်လုပ်နေမှုကို တစ်ခုချင်း အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး ဌာနအလိုက်တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံ

***စာမျက်နှာ ၃ သို့-***

**_စာမျက်နှာ ၂ မှ-_**

အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များလမ်းညွှန်မှာကြားသည်။ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ Melt Shop-1 အတွင်း လျှပ်စစ်သံရည်ကျိုဌာနမှ ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်တွင် ထုတ်လုပ်ခဲ့သည့်သံမဏိလေးထောင့်တုံး Billet ပေါ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး ***(ပုံ)*** စက်ရုံဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ စက်ရုံမှတာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်ပပညာရှင်များအား သစ်သီးခြင်းပေးအပ်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Melt Shop-2 သို့ ရောက်ရှိပြီး စက်ပစ္စည်းများတပ်ဆင်နေမှုအခြေအနေများကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် စတင်ထုတ်လုပ်ခဲ့သည့် သံမဏိပြားများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များလမ်းညွှန်မှာကြားသည်။




ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) ဝန်ထမ်းစားရိပ်သာ၌ စက်ရုံဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ပြီး ဝန်ထမ်းများအား သံမဏိထုတ်လုပ်မှုများတိုးတက်စေရေး အားပေးစကားပြောကြားကာ ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

အဆိုပါစက်မှုဝန်ကြီးဌာန အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) သည် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ ဆားခါးကျေးရွာအနီးတွင်တည်ရှိပြီး ၂၀၀၄ ခုနှစ်တွင် စတင်စာချုပ်ချုပ်ဆို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် Melt Shop-2 အလုပ်ရုံမှ သံမဏိပြားတန်ချိန် ၂,၀၀၀ ကို စတင်ထုတ်လုပ်နိုင်ခဲ့ပြီး အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) အနေဖြင့် တည်ဆောက်နေဆဲကာလအတွင်း စက်ပစ္စည်းများ ၉၀ ရာခိုင်နှုန်းကျော် ရောက်ရှိနေပြီးဖြစ်သော်လည်း ၂၀၁၇ ခုနှစ် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ (၇/ ၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအရ စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ရပ်တန့်ခဲ့ရသည်။ ၂၀၁၇ ခုနှစ် မတ် ၁၅ ရက်မှစ၍ စီမံကိန်းရပ်ဆိုင်းခဲ့ရစဉ် ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ကျပ်သန်းပေါင်း ၄၀၃,၉၃၂ ဒသမ ၈၈၂ သန်းရှိပြီးဖြစ်ပြီး စီမံကိန်းပြီးစီးမှု ရာခိုင်နှုန်းအနေဖြင့် ၆၆ ဒသမ ၅၂ ရာခိုင်နှုန်း ရှိပြီဖြစ်သည်။ ထိုသို့စီမံကိန်းရပ်တန့်ခဲ့ရမှုကြောင့် နိုင်ငံတော်၏ဘဏ္ဍာငွေများစွာ ထိခိုက်ဆုံးရှုံးခဲ့ရပြီး စီမံကိန်းချေးငွေများကိုလည်း နိုင်ငံတော်အနေဖြင့် ဆက်လက်ပေးဆပ်ခဲ့ရသည်။ သံမဏိထုတ်လုပ်မှုလုပ်ငန်းသည် နိုင်ငံအတွက် အရေးကြီးလိုအပ်ချက်ပင်ဖြစ်ပြီး သံနှင့်သံမဏိထုတ်လုပ်ရေးစီမံကိန်းများ အောင်မြင်ပြီးစီးပါက ပြည်ပမှ သံနှင့်သံမဏိတင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်ပြီး ပြည်ပဈေးနှုန်းထက် သက်သာစွာဖြင့် အသုံးပြုနိုင်မည်ဖြစ်သောကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူသည့်အချိန်တွင် ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် ကျင်းပပြုလုပ်သည့် အစိုးရအဖွဲ့

**_စာမျက်နှာ ၄ သို့-_**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ သံမဏိစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

စာမျက်နှာ ၃ မှ-

အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁) အစည်းအဝေးဆုံးဖြတ်ချက်အရ သံမဏိစက်ရုံစီမံကိန်းများကို ပြန်လည်စိစစ်၍ လုပ်ငန်းများ ပြန်လည်စတင်လည်ပတ်နိုင်ရေး ဆောင်ရွက်ခဲ့သည်။ အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) သို့ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်လာရောက်စစ်ဆေးစဉ် စက်ရုံစီမံကိန်းများအား စနစ်တကျဖြင့် အပိုင်းလိုက်တည်ဆောက်၍ မှန်မှန်ကန်ကန်ဖြင့် မြန်မြန်ဆန်ဆန်ပြီးစီးစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားခဲ့ပြီး စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်တွင် သံရည်ကျိုအလုပ်ရုံ၊ Phase-1(Melt Shop-1) ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး Phase-1 အပြည့်အဝ လုပ်ငန်းလည်ပတ်ချိန်တွင် Phase-2 (Melt Shop-2) အား လုပ်ငန်းလည်ပတ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းတစ်ခုလုံးအပြည့်အဝ လည်ပတ်နိုင်ရေး အဆင့်အလိုက်ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွက် သံနှင့်သံမဏိလုပ်ငန်းပြန်လည်နိုးကြားလာစေရေးနှင့် မြန်မာ့စက်မှုလုပ်ငန်း ယခုထက်ပိုမိုတိုးတက်လာစေရေး အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) မှ အဓိကအင်အားစုတစ်ခုအဖြစ် အားဖြည့်လျက်ရှိပါသည်။

**သတင်းစဉ်**

# စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း နှစ်သစ်ကူးအခါသမယတွင် ဝန်ထမ်းများနှင့်တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဧပြီလ ၁၈ ရက်နေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀) နေပြည်တော်ရှိ အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်သော နှစ်သစ်ကူးအခါသမယ နှုတ်ခွန်းဆက်စကားပြောကြားသည့်အခမ်းအနားသို့ တက်ရောက်သည်။ အဆိုပါအခမ်းအနားသို့ စက်မှုဝန်ကြီးဌာနမှညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများတက်ရောက်ပြီး စက်မှုလုပ်ငန်းများမှစက်ရုံမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှူးများနှင့် စက်မှုသင်တန်းကျောင်းများမှကျောင်းအုပ်ကြီးများသည် သတ်မှတ်နေရာအသီးသီးမှ Virtual စနစ်ဖြင့် တက်ရောက်သည်။

ရှေးဦးစွာပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်နှင့်စက်မှုဝန်ကြီးဌာနမှ ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများကို ချပြရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများသည် ပြည်သူ့ဝန်ထမ်းများဖြစ်၍ သတ်မှတ်ထားသည့်စည်းမျဉ်းစည်းကမ်း၊ ကျင့်ဝတ်များနှင့်အညီ လိုက်နာကျင့်ကြံပြုမူနေထိုင်ရမည်ဖြစ်ကြောင်း၊ နှစ်သစ်တွင် စိတ်သစ်လူသစ်ဖြင့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခင်နှစ်ကဆောင်ရွက်ခဲ့သည့် အားနည်းချက်၊ အားသာချက်၊ အတွေ့အကြုံများကို သင်ခန်းစာအဖြစ်ဖော်ထုတ်ရယူပြီး ယခုနှစ်တွင် အားနည်းချက်များကိုပြုပြင်၍ လုပ်ငန်းတာဝန်များကို အောင်မြင်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်နေခြင်းဖြစ်၍ လုပ်ငန်းတာဝန်များကိုအလေးအနက်ထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်လျာထားချက်များအတိုင်း ပြည့်မီအောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် အနာဂတ်ကာလတွင် နိုင်ငံသားတွေ ကျန်းမာပြီး အသက်ရှင်ရပ်တည်နိုင်ရေးအတွက် စားရေရိက္ခာဖူလုံရေးသည်အရေးကြီးကြောင်း၊ စားရေရိက္ခာဖူလုံရေးအတွက် စိုက်

စာမျက်နှာ ၅ သို့-



*စာမျက်နှာ ၄ မှ-*

ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံတဲ့ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေကို အမျိုးသားရေးရည်မှန်းချက်အဖြစ်ချမှတ်ကာ အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးမြှင့်တင်မှုတွေဆောင်ရွက်ရာမှာ ခိုင်မာတဲ့စီးပွားရေးလုပ်ငန်းတွေကို ဆောင်ရွက်ရန်လိုအပ်ပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းတွေကို အားပေးခြင်းသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးကိုအားပေးခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းတွေကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထုတ်ကုန်တွေပိုမိုတင်ပို့နိုင်ဖို့ ပြည်သူတွေက ပိုမိုကြိုးပမ်းဆောင်ရွက်ခဲ့ရင် ဒီနှစ်ဟာ ယခင်နှစ်တွေကထက် စီးပွားရေးတိုးတက်မှုအား ပိုကောင်းလာမယ်လို့ အပြည့်အဝယုံကြည်ကြောင်း၊ တိုင်းပြည်နှင့်ပြည်ထောင်စုအကျိုးကိုကြည့်ပြီး သမာသမတ်ရှိစွာ၊ ရိုးသားမှုရှိစွာညီညွတ်စွာညီနွှင်းဆောင်ရွက်ကြိုးပမ်းအားထုတ်မယ်ဆိုလျှင် **'ရှေ့သို့ချီမည် ပန်းတိုင်ဆီ (Keep Moving Forward to Achieve Our Goal)'** ဆိုတဲ့အတိုင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည် မလွဲမသွေဖြစ်ပေါ်လာမှာဖြစ်ကြောင်းတို့ကို လမ်းညွှန်မှာကြားခဲ့ကြောင်း၊ လူတစ်ဦး၏တန်ဖိုးသည်ကျင့်ဝတ်၊ သီလစောင့်ထိန်းခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ ထမ်းဆောင်ရမည့်တာဝန် (၃) ရပ်၊ ဝန်ထမ်းတစ်ဦးချင်း လိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ် (၁၂) ပါး၊ ဝန်ထမ်းအချင်းချင်းအပေါ် လိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ် (၅) ပါး၊ ပြည်သူလူထုအပေါ် လိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ် (၅) ပါး၊ နိုင်ငံတော်အပေါ်လိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ် (၈) ပါး စသဖြင့်သတ်မှတ်ရေးဆွဲထားပြီးဖြစ်၍ ကျင့်ဝတ်များနှင့်အညီနေထိုင်ကျင့်ကြံလျှင် အများပြည်သူမှလေးစားယုံကြည်မည်ဖြစ်ကြောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ သတ်မှတ်ထားသည့်ကျင့်ဝတ်များကို တစ်သဝေမတိမ်း လိုက်နာကျင့်ကြံနေထိုင်ရမည်ဖြစ်ကြောင်း၊ လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များ ဖွံ့ဖြိုးတိုးတက်ရေး၊ အစိုးရ-ပုဂ္ဂလိကစက်မှုလုပ်ငန်းများအတွက် လိုအပ်သည့်လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက်မှုသင်တန်းကျောင်းများမှ သင်တန်းသားများမွေးထုတ်ပေးခြင်း၊ သက်မွေးဝမ်းကျောင်းဆိုင်ရာရွှေ့လျားသင်တန်း၊ လျှပ်စစ်ကျွမ်းကျင်မှုသင်တန်း၊ ဘွိုင်လာပြုပြင်ထိန်းသိမ်းရေးသင်တန်း စသည့်သင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့အပြင် ဝန်ကြီးဌာန၏လုပ်ငန်းဆောင်ရွက်မှုများ စနစ်တကျဖြစ်စေရေးအတွက် Standard Operating Procedure (SOP) များရေးဆွဲခြင်း၊ Action Plan များရေးဆွဲခြင်း၊ ဝန်ထမ်းများ၏အရည်အသွေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်တန်းအစီအစဉ်၊ ဆွေးနွေးပွဲအစီအစဉ်များ လုပ်ဆောင်ပေးနိုင်ခဲ့ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးများတွင် နိုင်ငံတော်ဝန်ကြီးချုပ်က စီးပွားရေးလုပ်ငန်းများဆောင်ရွက်နေသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများအနေဖြင့် မိမိတို့၏စီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းများကို ထဲထဲဝင်ဝင်သိအောင်လုပ်ရန်၊ တိုင်းပြည်အတွက် အကျိုးအမြတ်ရှိသည့် စီးပွားရေးလုပ်ငန်းဖြစ်အောင်၊ ထိရောက်သည့် စီးပွားဖြစ်လုပ်ငန်းဖြစ်အောင် မည်သည့်နည်းလမ်းဖြင့် အကောင်အထည်ဖော်မည်ဆိုသည်ကို သက်ဆိုင်ရာတာဝန်ရှိသည့် ဌာနအကြီးအကဲများအား သေသေချာချာစိစစ်လေ့လာပြီး တင်ပြစေရန်နှင့်မှန်မှန်ကန်ကန်တင်ပြခြင်းမရှိပါက ထိရောက်စွာအရေးယူရန်၊ မိမိတို့နိုင်ငံ၏ပြည်ပကြွေးမြီနှင့် ပြည်တွင်းကြွေးမြီမှာ များပြားလျက်ရှိသဖြင့် အစိုးရဝင်ငွေရရှိရေး ကြိုးစားဆောင်ရွက်ပေးရန်နှင့်ဝင်ငွေမရရှိပါက အရှုံးမပေါ်အောင်၊ အလေအလွင့်မရှိအောင် ကြပ်မတ်ထိန်းသိမ်းပေးရန် လမ်းညွှန်မှုပြုခဲ့ကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများဆောင်ရွက်ရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ညွှန်ကြားချက် အမှတ် (၁/၂၀၂၂) အစိုးရ၏ဝယ်ယူခြင်း၊ နိုင်ငံပိုင်ပစ္စည်းများထုခွဲခြင်းနှင့်ငှားရမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည့်ညွှန်ကြားချက်နှင့်အညီ စိစစ်ဆောင်ရွက်ရန်လိုအပ်ပြီး အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့်လုပ်ငန်းများနှင့် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းများအား သေချာစွာစိစစ်၍ ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ထို့အပြင် စက်မှုလုပ်ငန်းများ၏ ရရန်ရှိကြွေးကျန်များသည် နိုင်ငံတော်အတွက် ရငွေရရှိမှုလျော့နည်းခြင်းဖြစ်လို့ ကြွေးဟောင်းများကို စနစ်တကျစီမံကြီးကြပ်ကောက်ခံကြရန်နှင့် ကြွေးသစ်များမဖြစ်ပေါ်စေရေးနှင့် စာရင်းစစ်ကန့်ကွက်ချက်များမဖြစ်ပေါ်စေရေးကို အထူးအလေးထားဆောင်ရွက်ကြရန်လည်း မှာကြားလိုကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံများရေးဆွဲ၍ ဝန်ထမ်းများကိုမြေတောင်မြှောက်ပေးနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဦးစီးဌာနလုပ်ငန်းများအနေဖြင့် လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို မှန်မှန်ကန်ကန်တင်ပြမှသာ မှန်ကန်ပြီးဖြေရှင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ချမှတ်နိုင်မည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနတွင် ဖွဲ့စည်းထားသည့်ကော်မတီအသီးသီးအနေဖြင့် ရည်မှန်းထားသည့်ရလဒ်များရရှိအောင် ဆောင်ရွက်နိုင်ခြင်းရှိ/မရှိကို အမြဲမပြတ်စောင့်ကြည့်လေ့လာသုံးသပ်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များကို Plan, Do, Check, Action တို့ဖြင့် အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရှိပြီးလူသားအရင်းများကို အကျိုးရှိအောင် အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နှစ်သစ်အခါသမယတွင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားခဲ့ပါသည်။

**သတင်းစဉ်**

■

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း

## *စက်မှုဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်မည့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့်စစ်ကိုင်း) တို့မှ AGTI ဒီပလိုမာရရှိသည့် ကျောင်းသားကျောင်းသူများနှင့်တွေ့ဆုံ*

စက်မှုဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်မည့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့်စစ်ကိုင်း) တို့မှ AGTI ဒီပလိုမာရရှိသည့် ကျောင်းသားကျောင်းသူများနှင့်တွေ့ဆုံခြင်း အခမ်းအနားကို မေလ ၂ ရက်နေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက(ပုံ) စက်မှုဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်မည့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့်စစ်ကိုင်း) တို့မှ AGTI ဒီပလိုမာရရှိသည့် ကျောင်းသားကျောင်းသူများကို လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ စက်မှုဝန်ကြီးဌာနကို ၂၀၂၁ ခုနှစ် မေ ၃ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏အမိန့်ကြော်ငြာစာအမှတ်၊ (၁၁၇/၂၀၂၁) အရ စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနမှ စက်မှုဝန်ကြီးဌာနအဖြစ်ပြန်လည်ဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စုဝန်ကြီးရုံး၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းနှင့်မြန်မာ့ဆေးဝါးလုပ်ငန်းတို့ ဖွဲ့စည်းထားရှိကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့်စစ်ကိုင်း) တို့မှ သင်တန်းဆင်း AGTI ဒီပလိုမာလက်မှတ်ရ ၁၅ ဦးကို လစာနှုန်း ၁၉၈,၀၀၀-၂,၀၀၀-၂၀၈,၀၀၀ တန်း၊ ထုတ်လုပ်ရေးကျွမ်းကျင် (၃)/စက်မှုစီမံ (၃) စသည့် ရာထူးများဖြင့် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသို့ လေးဦး၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းသို့ ငါးဦး၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းသို့ သုံးဦး၊ မြန်မာ့ဆေးဝါးလုပ်ငန်းသို့ သုံးဦးတို့ကို တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ သင်တန်းဆင်း မောင်တို့ မယ်တို့အနက် အင်ဂျင်နီယာဘွဲ့ သင်တန်းတက်ရောက်ရန် အဆင့်မီသူများကို လုပ်ငန်းခွင်တွင် တစ်နှစ်တာဝန်ထမ်းဆောင်စေပြီး နီးစပ်ရာတက္ကသိုလ်များတွင်တာဝန်ချိန်အဖြစ်သတ်မှတ်၍ ဆက်လက်တက်ရောက်နိုင်ရေးကိုလည်း စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မောင်တို့မယ်တို့သည် နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်တာဝန်ထမ်းဆောင်ကြမည်ဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်များကို လိုက်နာကြရမည်ဖြစ်ကြောင်း၊ မောင်တို့မယ်တို့တာဝန်ကျရာ ဦးစီးဌာန/စက်မှုလုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံများတွင် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ကိုယ်ကျင့်တရားကောင်းမွန်စွာဖြင့် ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် တာဝန်ထမ်းဆောင်ကြရန်နှင့် ဝန်ထမ်းကောင်းများအဖြစ် စံနမူနာပြဖြစ်အောင် ကျင့်ကြံနေထိုင်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မောင်တို့မယ်တို့သည် Associate of Government Technical Institute (AGTI) မှ အသိအမှတ်ပြုထားသည့် နည်းပညာကျွမ်းကျင်သူများဖြစ်ကြောင်း၊ နည်းပညာကျွမ်းကျင်သူများအနေဖြင့် လုပ်ငန်းခွင်တွင် နှစ်နှစ် လက်တွေ့ဆောင်ရွက်ပြီးနောက် မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူများဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်နှင့်ဝန်ကြီးဌာနက အားကိုးရသည့်ဝန်ထမ်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဦးစီးဌာနနှင့်စက်မှုလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်မည့်သင်တန်းဆင်းများ၏ ရုံးအမိန့်စာများကို ညွှန်ကြားရေးမှူးချုပ်နှင့်ဦးဆောင်ညွှန်ကြားရေးမှူးများထံပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းသိရသည်။



မျက်နှာဖုံးမှ -

# အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းပြပွဲကျင်းပ

အခမ်းအနားသို့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ထုတ်ကုန်ပစ္စည်းပြပွဲကို ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် အခမ်းအနားအစီအရ ပြည်ထောင်စုဝန်ကြီးက အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းပြပွဲကို ဈေးကွက်ရှာဖွေပေးခြင်း၊ ဘဏ္ဍာရေးလိုအပ်ချက်များ အဖြေရှာပေးခြင်း၊ တီထွင်ဆန်းသစ်မှုကိုအားပေးခြင်း၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း၊ နည်းပညာအခက်အခဲများ ကူညီဖြေရှင်းပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပံ့ပိုးပေးခြင်းနှင့်ဖန်တီးပေးခြင်း၊ နိုင်ငံတကာစီးပွားရေးကွန်ရက်များနှင့်ချိတ်ဆက်ပေးခြင်း စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် MSME များဖြစ်ကြောင်း၊ နိုင်ငံစီးပွားရေးတိုးတက်လာစေရေးအတွက် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးတွန်းအားပေးဆောင်ရွက်ရန် လိုအပ်သည့်အတွက် လက်ရှိပြဋ္ဌာန်းထားသည့် မူဝါဒ၊ ဥပဒေနှင့် နည်းဥပဒေများ ပြင်ဆင်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ MSME လုပ်ငန်းများအနေဖြင့် အဆင့်မြင့်ဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြုနိုင်ရေးအတွက် ဒစ်ဂျစ်တယ်အသုံးပြုမှုစွမ်းရည်များ မြှင့်တင်ပေးနိုင်ရန် မဲခေါင်-လန်ချန်းရန်ပုံငွေဖြင့် 'MSMEs Upskilling and Reskilling Digital Capacity Development Program for Integrating in the Digital Economy' စီမံကိန်းကို ၂၀၂၃ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အာဆီယံဒေသတွင်း MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ MSME ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အစိုးရ၊ အဖွဲ့အစည်းများနှင့် MSME တို့ သုံးဦးသုံးဖလှယ်ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်မှ



ကောင်းမွန်သည့်မူဝါဒများ ချမှတ်အကောင်အထည်ဖော်၍ လိုအပ်သည့်ပံ့ပိုးကူညီမှုများကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ပြီး အဖွဲ့အစည်းများမှလည်း ချမှတ်ထားသည့်မူဝါဒများနှင့်အညီ လိုက်ပါပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များအပါအဝင် ပုဂ္ဂလိကကဏ္ဍဘက်မှလည်း ယခုထက်ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌက အသင်းကြီးမှအသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေ၊ ဆက်လက်ဆောင်ရွက်ပေးသွားမည့်အစီအမံများကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာသည့်ဧည့်သည်တော်များသည် ပြည်တွင်း MSME ထုတ်ကုန်များ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုကြသည်။ *(ပုံ)*

မွန်းလွဲပိုင်းတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးညှိနှိုင်းအစည်းအဝေးကို မရမ်းကုန်းမြို့နယ် သဂ္ဂဝတီလမ်းရှိ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနခန်းမ၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသ

**စာမျက်နှာ ၈ သို့-**

**စာမျက်နှာ ၇ မှ-**

ကြီးအတွင်းရှိ စက်ရုံများမှစက်ရုံမှူးများ၊ ဌာနတာဝန်ခံများတက်ရောက်သည်။

ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယခုဖြစ်ပေါ်နေသည့် ရာသီဥတုအခြေအနေအရ မိုချာမုန်တိုင်းသည် အားကောင်းလာပါက ကွမ်းခြံကုန်းမြို့နယ်နှင့် ဖျာပုံမြို့အကြားမှလည်းကောင်း၊ စစ်တွေမြို့နှင့်ကျောက်ဖြူမြို့အကြားမှလည်းကောင်း ဖြတ်သန်း၍ ကုန်းတွင်းပိုင်းသို့ဝင်ရောက်မည်ဟု မိုးလေဝသပညာရှင်များက ခန့်မှန်းတွက်ချက်ထားကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဝန်ကြီးဌာနမှဝန်ထမ်းများ၊ စက်ရုံ၊ အလုပ်ရုံ၊ ရုံး၊ အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်နေစဉ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်အစီအမံများကိုလည်း ကြိုတင်မြော်တွေးစဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးပါကလည်း ပျက်စီးဆုံးရှုံးခဲ့မှုနှင့်ပတ်သက်၍ ဆောင်ရွက်မှုအစီအမံများ၊ ဝန်ထမ်းများကို ကျန်းမာရေးစောင့်ရှောက်ပေးမည့်အစီအမံများကိုလည်း ကြိုတင်စဉ်းစားဆောင်ရွက်ထားရန်နှင့် လုပ်ငန်းတာဝန်များကို အလေးအနက်ထား၍ ဆောင်ရွက်ကြရန်မှာကြားပြီး စက်ရုံမှူးများမှ သဘာဝဘေးအန္တရာယ် ဖြစ်ပွားလာပါက ကြိုတင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးမှ လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

*မျက်နှာဖုံးမှ -*

# စက်မှုကျွမ်းကျင်လုပ်သား ၁၂,၀၉၅ ဦးကို လေ့ကျင့်သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပြီး ၁၁,၅၃၀ ဦးကို အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဖန်တီးပေးနိုင်ခဲ့

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်သည် တာဝန်ရှိသူများနှင့်အတူ မေလ ၆ ရက်နေ့ နံနက်ပိုင်းက အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) သို့ရောက်ရှိပြီး သံရည်ကျိုလုပ်ငန်းဆောင်ရွက်နေမှု၊ စက်ရုံခွဲများအလိုက် ဆောင်ရွက်ထားရှိမှုများ၊ Cold Mill Complex အမိုးအကာအောက်သို့ စက်ပစ္စည်းများ ရွှေ့ပြောင်းထားရှိမှုနှင့်ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် *(ပုံ)* ဒုတိယဝန်ကြီးက သံရည်ကျိုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောကုန် ကြမ်းများ၊ လျှပ်စွမ်းအားအရင်းအမြစ်များ ဖြည့်ဆည်းနိုင်ရေးစီမံဆောင်ရွက်ရန်နှင့် ဆက်စပ်အလုပ်ရုံခွဲများရှိ စက်ပစ္စည်းများကိုလည်း စဉ်ဆက်မပြတ်စစ်ဆေးပြုပြင်ရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများ၏စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရန်လိုအပ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက်ရရှိသည့် ဘဏ္ဍာရန်ပုံငွေများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ သုံးစွဲကြရမည်ဖြစ်ကြောင်းမှာကြားခဲ့သည်။




ဒုတိယဝန်ကြီးသည် အမှတ် (၆) စက်မှုသင်တန်းကျောင်း (မြင်းခြံ) စက်မှုကျွမ်းကျင်တစ်နှစ်သင်တန်း အမှတ်စဉ် (၈) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီးသည် မေလ ၇ ရက်နေ့ နံနက်ပိုင်းတွင် အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) စိမ်းလန်းစိုပြေရေး အရိပ်ရအပင်များစိုက်ပျိုးထားရှိမှုနှင့် စက်ရုံအတွင်း/အပြင် လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး မေလ ၈ ရက်နေ့ နံနက်ပိုင်းတွင် အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) စက်မှုကျွမ်းကျင်တစ်နှစ်သင်တန်း အမှတ်စဉ် (၁၁) သင်တန်းဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက စက်မှုသင်တန်းကျောင်းများမှ နှစ်စဉ်သင်တန်းသား ၁,၂၀၀ ခန့်ကို လေ့ကျင့်သင်ကြားမွေးထုတ်ပေးလျက်ရှိကြောင်း၊ ယနေ့အထိ စက်မှုကျွမ်းကျင်လုပ်သား ၁၂,၀၉၅ ဦးကို လေ့ကျင့်သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပြီး ၁၁,၅၃၀ ဦးကို အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဖန်တီးပေးနိုင်ခဲ့ကြောင်း၊ စည်းကမ်းပြည့်ဝထက်မြက်ကျွမ်းကျင်သော စက်မှုလုပ်သားများ မွေးထုတ်ပေးလျက်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်

**စာမျက်နှာ ၉ သို့-**

# စက်မှုဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ

စက်မှုဝန်ကြီးဌာနနှင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို မေလ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ***(ယာပုံ)***





ဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်၊ စက်မှုဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့်ဖြစ်ပွားနိုင်ပြီး အဂတိလိုက်စားမှုကိုကျူးလွန်ပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် အရေးယူခံရမည့်အပြင် မိမိပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင်လည်း ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေမည်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများသိရှိရှောင်ကြဉ်ရန် လိုအပ်ကြောင်းပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အဓိကအဟန့်အတားတစ်ခုဖြစ်ကြောင်း၊ အဂတိလိုက်စားမှုများဖြစ်ပေါ်ခြင်းကြောင့် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုများ ထိခိုက်နစ်နာစေသည့်အပြင် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များကိုပါ ဆိုးကျိုးသက်ရောက်မှုများဖြစ်စေနိုင်ကြောင်း၊ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုများကိုတိုက်ဖျက်ရာတွင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး အဂတိလိုက်စားမှုများမဖြစ်ပေါ်စေရေးအတွက် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်းဟူသည့် နည်းလမ်းသုံးသွယ်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ရှေ့လုပ်ငန်းစဉ်များချမှတ်ပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ် Video Clip ကို ပြသပြီး နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထိန်လင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့်က အဂတိလိုက်စားမှု၏သဘောသဘာဝများ၊ အဂတိလိုက်စားမှု၏ဆိုးကျိုးများ၊ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူးဒေါ်အေးမြတ်မွန်က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူးဦးအောင်ခန့်က စုံစမ်းစစ်ဆေးရေးကဏ္ဍနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

**သတင်းစဉ်**

---

***စာမျက်နှာ ၈ မှ-***

တီးပေးနိုင်သည့် သင်တန်းကျောင်းများအဖြစ် မှတ်ကျောက်တင်နိုင်ခဲ့ကြောင်းပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ထုတ်ပြန်ထားရှိသော နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေဆိုင်ရာ ဟောပြောဆွေးနွေး

ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ထုတ်ပြန်ထားရှိသော နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေဆိုင်ရာ ဟောပြောဆွေးနွေးပွဲအခမ်းအနားကို ဇွန်လ ၉ ရက်နေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စက်မှုဝန်ကြီးဌာနနှင့်ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ***(ပုံ)*** ယနေ့ဟောပြောပွဲသို့ တက်ရောက်လာကြသော အရာရှိကြီးများသည် ဝန်ထမ်းအဖွဲ့အစည်းများ၏ စီမံအုပ်ချုပ်ရေးလုပ်ငန်းများကိုလက်တွေ့တာဝန်ယူဆောင်ရွက်နေကြသူများဖြစ်သဖြင့် အရာရှိကြီးများအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့်ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၁၂) ရပ်ကို ကောင်းစွာသိရှိနားလည်ပြီး ပြောင်းလဲလာသော ခေတ်မီနည်းပညာ၊ အတတ်ပညာများကို အမြဲလေ့လာဆည်းပူးကြရန်နှင့် မိမိတို့လက်အောက်ရှိ ဝန်ထမ်းများကို ပြောင်းလဲတိုးတက်လာသည့် ခေတ်မီနည်းပညာများကို စဉ်ဆက်မပြတ်လေ့လာသင်ယူနိုင်စေရေး ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ အရာထမ်းကြီးများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်၍ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ မိမိလက်အောက်ဝန်ထမ်းများကိုလည်း သင်ကြားပြသလမ်းညွှန်မှုပြုရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ထုတ်ပြန်ထားရှိသောနိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကို တိကျစွာလိုက်နာကြရမည်ဖြစ်ပြီး ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ပြည်ထောင်စုရာထူးဝန်အဖွဲ့က ထုတ်ပြန်ထားသည့် ရုံးလုပ်ငန်းလက်စွဲကို လက်ကိုင်ပြုထားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အမြဲတမ်းအတွင်းဝန်မှ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ ဝန်ထမ်းရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းပြီး သက်ဆိုင်ရာတာဝန်ရှိသူများမှ အသေးစိတ်ပြန်လည်ရှင်းလင်းပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**



# စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) အား ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ဇွန်လ ၁၄ ရက်နေ့ နံနက်ပိုင်း၌ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့ရှိ အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) သို့ ရောက်ရှိပြီး သံရည်ကျိုအလုပ်ရုံ အမှတ် (၁) တွင် သံမဏိလေးထောင့်တုံးများထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ အောက်ဆီဂျင်ထုတ်လုပ်ရေးအလုပ်ရုံ (၂) ရှိ အောက်ဆီဂျင်အရည်များ သိုလှောင်ထားသည့် ဧရိယာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို အလေးထားဆောင်ရွက်ရန်နှင့်သံရည်ကျိုသည့်လုပ်ငန်းစဉ်အဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်သည့်ဝန်ထမ်းများအား ဘေးအန္တရာယ်အကာအကွယ်ပြုသည့် ဝတ်စုံများဝတ်ဆင်ရေးကြပ်မတ်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားပြီး သံမဏိလေးထောင့်တုံးများထုတ်လုပ်နေသည့် ဝန်ထမ်းများအားတွေ့ဆုံ၍ အားပေးစကားများပြောကြားခဲ့သည်။




**စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) တွင် သံမဏိလေးထောင့်တုံးများထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် အောက်ဆီဂျင်ထုတ်လုပ်ရေးအလုပ်ရုံ (၂) ရှိ အောက်ဆီဂျင်အရည်များ သိုလှောင်ထားသည့်ဧရိယာများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။**

ထို့နောက် ဒုတိယဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ်၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ၊ စက်ရုံမှူးနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် ထုတ်ပြန်ထားရှိသည့်ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိတိကျကျလိုက်နာဆောင်ရွက်ရန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်မှုအရ သံရည်ကျိုအလုပ်ရုံအမှတ် (၂)၊ Phase-2 & 2A တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်၊ ကြာမြင့်ချိန်၊ ကုန်ကျစရိတ်တို့ကို မြန်မြန်ဆန်ဆန်တွက်ချက်ရန်၊ စက်ရုံရှိစက်ပစ္စည်းကိရိယာများကိုလည်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးပြုပြင်ရန်၊ သံမဏိများစဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့်သွင်းအားစုများကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြိုတင်စုဆောင်းထားရန်၊ စက်အရန်ပစ္စည်းများကိုလည်း ဖြည့်ဆည်းထားရန်၊ စက်ရုံရှိစက်ပစ္စည်းကိရိယာများအား ဝန်ထမ်းများဖြင့်စစ်ဆေးပြုပြင်နိုင်သည်များကို ပြုလုပ်ထားရန်၊ သံမဏိထုတ်လုပ်ခြင်းလုပ်ငန်းများကို စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့်ဝန်ထမ်းများ ဖြည့်ဆည်းနိုင်ရေးကို လုပ်ထုံးလုပ်နည်းများနှင့် အညီအမြန်ဆောင်ရွက်ရန်နှင့် ဝန်ထမ်းများနေထိုင်ရန် အိမ်ရာနှင့်အဆောင်များကြိုတင်စီမံဆောင်ရွက်ထားရန်၊ မိုးရာသီရောက်ရှိပြီဖြစ်၍ စက်ရုံစိမ်းလန်းသာယာစိုပြည်စေရေးအတွက် အရိပ်ရအပင်နှင့်နေကာပင်များ စိုက်ပျိုးသွားရန်၊ ဝန်ထမ်းများအနေဖြင့် ထပ်မံဆောင်ရွက်မည့် အလုပ်ရုံခွဲများရှိ စက်ပစ္စည်းကိရိယာများနှင့်ပတ်သက်သည့် နည်းပညာပိုင်းဆိုင်ရာများကို ကြိုတင်လေ့လာထားရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ ကျန်ရှိမှုမရှိစေရန်နှင့် အချိန်မီပြီးစီးနိုင်ရေးအတွက် စီမံချက်များ၊ အချိန်ဇယားများရေးဆွဲဆောင်ရွက်ရန်လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■

# စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) အား ကြည့်ရှုစစ်ဆေး

အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) စီမံကိန်းပြန်လည်လည်ပတ်နိုင်ရေး ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ကော်မတီအဖွဲ့ဝင်များနှင့်အတူ ဇွန်လ ၁၈ ရက်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) သို့ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံရည်ကျိုမီးဖို အမှတ် (၂) နှင့်အရွယ်စုံသံမဏိပြားများထုတ်လုပ်မည့် (Phase-2) ၊ ရောင်စုံအမိုးပြားနှင့် သွပ်အမိုးပြားများထုတ်လုပ်မည့် (Phase -2A) တို့ကို ပြန်လည်လည်ပတ်ရန် နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်ခဲ့သဖြင့် စီမံကိန်းလုပ်ငန်းများကို အောင်မြင်အောင် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းနယ်ပယ်၊ ကုန်ကျစရိတ်၊ ပြီးစီးမည့်အချိန်နှင့် အရည်အသွေး (Work Scope, Cost, Time, Quality) တို့ကို လုပ်ငန်းစဉ်အလိုက် စီမံကိန်းစီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ရေးဆွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေစဉ်အတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို လျာထားချက်ပြည့်မီအောင် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောစက်အရန်ပစ္စည်းများကိုလည်း ကြိုတင်ဝယ်ယူဖြည့်ဆည်းထားရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများကို ***သံရည်ကျိုမီးဖိုအမှတ် (၁) ပြည်လည်လည်ပတ်နိုင်ရေးဆောင်ရွက်ခဲ့သည့် အတွေ့အကြုံ၊ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်သုံးသပ်၍ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်***ကြောင်း၊ မမျှော်မှန်းနိုင်သည့်ကိစ္စရပ်များအတွက်လည်း ကြိုတင်မျှော်တွေး စီမံဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ယခုဆက်လက်တောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများအတွက် လိုအပ်သည့်လူ့စွမ်းအားအရင်းအမြစ်များ ဖြည့်ဆည်းနိုင်ရေး အတွက် ကြိုတင်တွက်ချက်ထားရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် ဘဏ္ဍာရေး၊ ကျွမ်းကျင်မှုနှင့်နည်းပညာ၊ ဥပဒေ၊ နည်းဥပဒေ၊ စီးပွားရေး စသည့်ရှုထောင့်ပေါင်းစုံမှ ကြည့်ရှုလေ့လာ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သံမဏိထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်မှရင်းနှီးမြှုပ်နှံမှု တန်ဖိုးများစွာစိုက်ထုတ်သုံးစွဲခဲ့သဖြင့် စီမံကိန်းလုပ်ငန်းများအောင်မြင်အောင် ဝန်ထမ်းအားလုံးက ဝိုင်းဝန်းကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များက အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေအပေါ် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ စာချုပ်ပါအချက်အလက်များ၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကိုလည်းကောင်း၊ စက်ရုံတာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရမည့်အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Phase-2, Phase-2A တို့တွင် စက်ပစ္စည်းများတပ်ဆင်ထားရှိမှုနှင့် ***(ပုံ)*** တပ်ဆင်ရန်ကျန်ရှိမှုအခြေအနေ၊ အမိုးအကာပြင်ပမှစက်ပစ္စည်းများ အမိုးအကာအောက်သို့ ရွှေ့ပြောင်းထားရှိမှုအခြေအနေနှင့် ဝန်ထမ်းအိမ်ရာများအား ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) အား ကြည့်ရှုစစ်ဆေးပြီး အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့်တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဇွန်လ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ရှိ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ စက်မှုဝန်ကြီးဌာန စီမံခန့်ခွဲရေးအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်ရုံစီမံကိန်းတည်ဆောက်ရေးအဖွဲ့မှတာဝန်ရှိသူများ၊ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) မှ စက်ရုံမှူး၊ ဌာနတာဝန်ခံများနှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် စက်ရုံမှူးနှင့်တာဝန်ရှိသူများက စက်ရုံ၏လက်ရှိဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့်အခြေအနေ၊ အလုပ်ရုံအလိုက် လုပ်ငန်းလိုအပ်ချက်နှင့် ဆက်လက်ဆောင်ရွက်ရမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်း စီမံကိန်းတွင် အောက်ဆီဂျင်ထုတ်လုပ်ရေးအလုပ်ရုံရှိ စက်ပစ္စည်းများစစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် တိတိကျကျအစစ်ဆေးခံနိုင်ရေးနှင့် စီမံကိန်းပြန်လည်စတင်နိုင်ရေး အဆင့်သင့်ဖြစ်အောင် ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းအပ်နှံဆောင်ရွက်မည့်လုပ်ငန်းများကို အချိန်နှင့်တပြေးညီပြီးစီးနိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်သွားရန်နှင့် စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် လိုအပ်သောလူ့စွမ်းအားအရင်းအမြစ်များ ဖြည့်ဆည်းနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရေး အလေးပေးဆောင်ရွက်ရန်လိုကြောင်း၊ စီမံကိန်းလုပ်ငန်းများအချိန်မီပြီးစီးရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ တောင်ကြီးမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။ *(ပုံ)*

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ဒေသဆိုင်ရာ MSME ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီများ ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသများလည်းရှိသည့်အတွက် အဆိုပါတိုင်းနှင့်ဒေသများတွင်လည်း ဒေသဆိုင်ရာ MSME များမှတ်ပုံတင်ခြင်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပြီး အေဂျင်စီ၏လုပ်ငန်းဆောင်ရွက်ချက်များကို လစဉ်လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြရန်နှင့် လုပ်ငန်းကော်မတီမှ ဗဟိုကော်မတီသို့စုစည်းသုံးသပ်တင်ပြအစီရင်ခံသွားမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများအနေဖြင့် MSME Web Portal မှတစ်ဆင့် Member Card လျှောက်ထားနိုင်ပြီး ငွေပေးချေမှုကိုလည်း E-Payment နှင့်ပေးချေနိုင်ပြီဖြစ်ကြောင်း၊ မကြာမီ SME Member Card နှင့်အတူ SME ယာယီမှတ်ပုံတင်လက်မှတ်များကိုလည်း တစ်ပါတည်းထုတ်ပေးသွားမည်ဖြစ်ပြီး ဥပဒေပြင်ဆင်ပြဋ္ဌာန်းပြီးပါက မိုက်ခရိုအဆင့်လုပ်ငန်းများအတွက်ပါ မှတ်ပုံတင်လက်မှတ်များထုတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အသေးစား၊

***စာမျက်နှာ ၁၅ သို့-***



*ကျောဖုံးမှ -*

တိုင်းဒေသကြီး၊ ပြည်နယ်အေဂျင်စီများညှိနှိုင်းပြီး ထုတ်ကုန်နယ်ပယ်ကိုလည်း သတ်မှတ်လျက်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ထုတ်ကုန်နယ်ပယ်များအနေဖြင့် အဓိကဆီထွက်သီးနှံအပါအဝင် စားသောက်ကုန်လုပ်ငန်း၊ ဆန်နှင့်ဆန်ကွဲ၊ ပီလောပီနံ၊ ရော်ဘာ၊ ဝါ၊ ကော်ဖီနှင့်လက်ဖက်၊ သစ်တောထွက်ပစ္စည်း၊ ကြိမ်/ဝါး၊ သားငါးနှင့်တိရစ္ဆာန်အစားအစာနှင့် ဆေးဝါးအခြေခံထွက်ကုန်ထုတ်လုပ်နိုင်ရန်၊ မိမိဒေသအလိုက်ရရှိနိုင်သည့် ကုန်ကြမ်းပေါ်မူတည်ပြီး ထွက်ကုန်နယ်ပယ်သတ်မှတ်ရေးနှင့် ပြည်ပသို့တင်ပို့သည်အထိရည်ရွယ်ပြီး ဆွေးနွေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအပိုင်းကလည်း ထုတ်လုပ်နိုင်မည့်ထုတ်ကုန်အပေါ်မူတည်ပြီး ဖြစ်နိုင်ခြေကို စီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံချက်ရေးဆွဲဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့်ပြည်နယ် MSME လုပ်ငန်းရှင်များကို သမဝါယမစနစ်၊ ပုဂ္ဂလိကစနစ်ဖြင့်ဆောင်ရွက်နိုင်ရန် ငွေကြေးအရင်းအနှီးနှင့်နည်းပညာများပံ့ပိုးနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စိန်ခေါ်မှုများရှိနိုင်သည့်အတွက် ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် ငွေကြေးစီးဆင်းမှုလွယ်ကူအောင် ကူညီဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့် MSME လုပ်ငန်းရှင်များ အသိပညာရရှိရေးအတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အလားတူ စွန့်ဦးတီထွင်လုပ်ငန်းအတွက်လည်း ပံ့ပိုးကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သတင်းကွန်ရက်ဖြန့်ဝေမှုအပိုင်းတွင် MSME လုပ်ငန်းရှင်များနှင့် အများပြည်သူများအတွက် မှန်ကန်မြန်ဆန်စွာရောက်ရှိရေးနှင့် MSME လုပ်ငန်းရှင်များအတွက် ကျွမ်းကျင်လုပ်သားနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများ ပြည်ပသို့တင်ပို့ရာတွင် ဈေးကွက်နှင့်လုပ်ငန်းစဉ် ကွင်းဆက်မပျက်စေရေးအတွက် စဉ်းစားဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထို့အပြင် လုပ်ငန်းကော်မတီအနေဖြင့် MSME လုပ်ငန်းရှင်များ၏ ထွက်ကုန်များကို ပြည်ပဈေးကွက်ရရှိရေး ကူညီပံ့ပိုးဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ရည်မှန်းထားသည့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကပံ့ပိုးပေးသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တက်ရောက်လာကြသူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားကိုမြှင့်တင်ရန်အတွက် MSME လုပ်ငန်းများကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံအတွက်ထုတ်ကုန်များစွာ ထုတ်လုပ်ခြင်းအားဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများအနေဖြင့် လက်ရှိအချိန်ထိ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ထုတ်လုပ်မှုပိုင်း၊ ဈေးကွက်မြှင့်တင်ရေးပိုင်း၊ သတင်းဖြန့်ဝေမှုအပိုင်းနှင့် ကုန်သွယ်ငွေလွှဲသည့်နေရာများတွင် ကျွမ်းကျင်စွာသုံးစွဲရန်၊ ခက်ခဲနေဆဲပင်ဖြစ်သောကြောင့် ထိထိရောက်ရောက်နှင့်လွယ်လွယ်ကူကူအသုံးပြုနိုင်အောင် နည်းလမ်းရှာဖွေဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၂) အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသို့ တင်ပြမည့်အမှာစာများကို အေဂျင်စီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က ဖတ်ကြားတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသို့ ထုတ်ချေးထားသည့် ငွေကြေးဆိုင်ရာအချက်အလက်များနှင့် ချေးငွေဆိုင်ရာစည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက SME ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို MSME ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအဖြစ် ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ရန်၊ ဒေသထွက်ကုန်ကြမ်းများကိုအသုံးပြုပြီး သွင်းကုန်အစားထိုးထုတ်ကုန်များနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဦးစားပေးထုတ်လုပ်ရမည့်ထုတ်ကုန်များ ခွဲဝေသတ်မှတ်ပေးရန်၊ ကုန်ထုတ်လုပ်မှုသမဝါယမအသင်းများတည်ထောင်ပြီး သမဝါယမစနစ်နှင့်ကုန်စည်ဒိုင်များ ချိတ်ဆက်ဆောင်ရွက်ရန်၊ MSME ထုတ်ကုန်အမှတ်တံဆိပ်များတွင် ဖော်ပြထားသည့်အချက်အလက်များကို စနစ်တကျရရှိစေရေးတည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရန်၊ ဒေသအသီးသီးရှိ ကုန်စည်သတင်းအချက်အလက်များနှင့် ပြည်ပပို့ကုန်သတင်းအချက်အလက်များအား MSME လုပ်ငန်းရှင်များသိရှိစေရန်၊ နိုင်ငံပိုင်မီဒီယာများတွင် ထည့်သွင်းဖော်ပြကြေညာ ပေးရန်၊ MSME ဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေပေးနိုင်မည့် information Mechanism တစ်ခုတည်ထောင်နိုင်ရေးဆောင်ရွက်ရန်နှင့် ၂၀၁၈ ခုနှစ် အာဆီယံ SME မူဝါဒဆိုင်ရာ အညွှန်းကိန်းအစီရင်ခံစာပါအချက်အလက်များအား ဆွေးနွေးတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးလှမိုး၊ ဦးအောင်နိုင်ဦးနှင့် ဒေါက်တာမျိုးသိန်းကျော်၊

*စာမျက်နှာ ၁၅ သို့-*

***စာမျက်နှာ ၁၄ မှ-***

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့်အသင်းအဖွဲ့များမှပညာရှင်များက အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် လုပ်ငန်းကော်မတီတွဲဖက်အတွင်းရေးမှူး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းကော်မတီအမှာစာများကို ဖတ်ကြားရှင်းလင်းအတည်ပြုချက်ရယူနိုင်ရေး တင်ပြသည်။ ထို့နောက် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှင်းလင်းဆွေးနွေးတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

---

## စက်မှုဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



စက်မှုဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၂၈ ရက်နေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာနအနီးရှိ လှိုင်ပိတ်ဆည်အမှတ် (၉) ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများက သတ်မှတ်နေရာများ၌ ရတနာတန်းဝင်ကျွန်းပင်များကို စိုက်ပျိုးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သတ်မှတ်နေရာများ၌ ဝန်ထမ်းများမှ ပျိုးပင်များစိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြပြီး ပြည်ထောင်စုဝန်ကြီးက မိမိတို့ရုံးပတ်ဝန်းကျင်မှအစပြု၍ သစ်ပင်များစိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးကို စိမ်းလန်းစိုပြည်အောင်ဆောင်ရွက်ရန်၊ ဤကောင်းမွန်သော အစဉ်အလာကို ကျယ်ကျယ်ပြန့်ပြန့်ဆက်လက်ကျင့်သုံးခြင်းဖြင့် ရာသီဥတုကိုမျှတထိန်းသိမ်းနိုင်မည်ဖြစ်ပြီး ကမ္ဘာကြီးပူနွေးမှုကိုလျှော့ချနိုင်မည်ဖြစ်၍ အလေးထားဆောင်ရွက်ရန်၊ နောင်နှစ်များတွင်လည်း သစ်ပင်၊ သစ်တောနည်းပါးသည့် နေရာများသို့ ဆက်လက်တိုးချဲ့စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်သွားရန်နှင့် စိုက်ပျိုးပြီးစီးမှုများကိုလည်း မှတ်တမ်းထားရှိပြီး အပင်များရှင်သန်ကြီးထွားအောင် စနစ်တကျထိန်းသိမ်းပြုပြင်စောင့်ရှောက်သွားကြရန် ဦးစီးဌာန၊ စက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ စက်ရုံ၊ အလုပ်ရုံ၊ သင်တန်းကျောင်းများ၏ ပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရလေကာပင်များ၊ သစ်ပင်ပန်းမန်များ စိုက်ပျိုးကြရန်မှာကြားသည်။

ယနေ့စက်မှုဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင် ၁၃၈ ပင်နှင့် ပိတောက်၊ မဟော်ဂနီ၊ ပျဉ်းကတိုး ၄၀၀ စုစုပေါင်း ပျိုးပင် ၅၃၈ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

***စာမျက်နှာ ၁၃ မှ-***

အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌက ရှမ်းပြည်နယ်၊ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုအခြေအနေ၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများဆိုင်ရာ ကိစ္စရပ်များနှင့် MSME Web Portal ဆိုင်ရာကိစ္စရပ်များ၊ ချေးငွေရရှိရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာသူများက ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့စီးပွားကို မြှင့်တင်ရန်အတွက် MSME လုပ်ငန်းများကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံအတွက်ထုတ်ကုန်များစွာထုတ်လုပ်ခြင်းအားဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်

## အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၃) ကျင်းပ

အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၃) ကို ဇွန်လ ၈ ရက်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၃၀) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို ၂၀၂၃ ခုနှစ် မေလ ၂၇ ရက်နေ့တွင်ကျင်းပခဲ့ကြောင်း၊ ယင်းအစည်းအဝေးမှ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းကော်မတီနှင့်သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အေဂျင်စီများက ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် MSME လုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ သွားနှင့်စပ်လျဉ်း၍ လမ်းညွှန်သည့်အဓိကအခြေခံအချက်များမှာ ပြည်တွင်းထုတ်ကုန်အားပေးရန်၊ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်တိုးမြှင့်ရရှိစေရန်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ယင်းအချက်များကို လက်လွတ်၍မရသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အေဂျင်စီများကလည်း အဆိုပါအခြေခံအချက် (၃) ချက်ကို မူတည်ပြီး လုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရန် တိုင်းဒေသကြီးနှင့်ပြည်




*(ပုံ)*

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာချာလီသန်း၊ ဦးလှမိုး၊ ဦးအောင်နိုင်ဦးနှင့်ဒေါက်တာမျိုးသိန်းကျော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များနှင့် အသင်းအဖွဲ့များမှတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်ရောက်ပြီး အားပေးခြင်း၊ အကြံပေးခြင်း၊ ညှိနှိုင်းဆွေးနွေးပေးခြင်းတို့ကိုအပြင် လိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ MSME နှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်ခရီးစဉ်များတွင် လမ်းညွှန်ခဲ့သည်မှာ ညွှန်ကြားချက် ၁၉၀ ကျော်ရှိပြီး လုပ်ငန်းရှင်များနှင့်ဒေသခံများ၏တင်ပြချက်များမှာ အချက်ပေါင်း ၂၃၀ ကျော်ရှိကြောင်း၊ ယင်းတင်ပြချက်များမှာ နည်းပညာ၊ ငွေကြေး၊ ဈေးကွက်နှင့်မြေနေရာ၊ ကုန်ကြမ်း၊ စက်ပစ္စည်းနှင့်အခြားကဏ္ဍများပါဝင်ကြောင်း၊ ယင်းတင်ပြချက်များအပေါ် မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အေဂျင်စီများနှင့်ချိတ်ဆက်ပြီး ကြပ်မတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် MSME နယ်များအနေဖြင့် သေချာသောဒေသထွက်ကုန်ကြမ်းများကိုအခြေခံပြီး ကုန်ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်ချက်ဖြစ်သော One Region One Product ဒေသတစ်ခု ထွက်ကုန်တစ်မျိုးထုတ်လုပ်နိုင်အောင်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းကို သက်ဆိုင်ရာအေဂျင်စီအလိုက် အဓိကထုတ်ကုန်သတ်မှတ်ပြီး ပြည်တွင်းထုတ်ကုန်အပြင် ပြည်ပတင်ပို့နိုင်သည်အထိ ရည်ရွယ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများအတွက် အခြေခံအချက် (၃) ချက်ဖြစ်သည့် ပြည်တွင်းထုတ်ကုန်အားပေးရန်၊ သွင်းကုန်အစားထိုးရန်၊ ပို့ကုန်တိုးမြှင့်ရရှိစေရန် စသည့်အချက်များပေါ်မူတည်ပြီး လုပ်ငန်းကော်မတီနှင့်

***စာမျက်နှာ ၁၄ သို့-***